# ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး

# ၁၃ ရက်မြောက်နေ့ အစီအစဉ်

# [ ၂၃-၁၀-၂၀၁၃] (ဗုဒ္ဓဟူးနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးသန်းမြင့်၊ ဝမ်းတွင်း မဲဆန္ဒနယ်၏ **ဆည်၊ ကန်၊ တာတမံများ၌ ဆည်မြောင်းနယ်နိမိတ် အတည်ပြုပြဋ္ဌာန်းပေးရန် နေပြည်တော် ကောင်စီနယ်မြေကဲ့သို့ အမျိုးအစားအကျယ်အဝန်းအလိုက် ဆောင်ရွက်ပေးမည့် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ခ) ဦးမြင့်ဦး၊ သနပ်ပင် မဲဆန္ဒနယ်၏ **သနပ်ပင်မြို့နယ် အပိုင်-အောင်ချမ်းသာ၊ ကျုံပါ ချောင်း၀- ကဒွတ်နှင့် အထက်ကျုံပါ- ကျီးပင်စုချောင်းများအား ချောင်းအဖြစ်၊ လမ်းအဖြစ် တူးဖော်ပေးရန်နှင့် ချောင်း/မြောင်း ၂၄ ခုအား ပြုပြင်တူးဖော်ပေးရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဂ) ဒေါက်တာအောင်သန်း၊ ရွှေဘို မဲဆန္ဒနယ်၏ **ရွှေဘိုမြို့အနောက်ဘက် ကျေးရွာလယ်မြေများရှိ ပျိုးခင်း၊ စိုက်ခင်းများ နှစ်စဉ်ရေလွှမ်းမိုး ခံနေရခြင်းကို သက်ဆိုင်ရာ ဆည်မြောင်း ဦးစီးဌာနမှ ဆောင်ရွက် ပေးရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဃ) ဦးသန်းစိုး၊ သာစည် မဲဆန္ဒနယ်၏ **သာစည်မြို့ပေါ် (၇) ရပ်ကွက် အတွင်းရှိ ၄၄၀ ဗို့ အိမ်သုံးလိုင်းများတွင် ဓာတ်မီးတိုင်များ၊ ဓာတ်မီးကြိုးများ ပြောင်းလဲတပ်ဆင်ပေးရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(င) ဦးကြင်သိန်း၊ ပဲခူး မဲဆန္ဒနယ်၏ **ပဲခူးမြို့နယ်၊ ကျောက်တန်းစံပြ ကျေးရွာတွင် ယိုယွင်းပျက်စီးနေသည့် ကျွန်းကြပ်တိုင်၊ ဓာတ်မီးတိုင် များအစား ကွန်ကရစ် ဓါတ်တိုင်များ အစားထိုးတပ်ဆင်ပေးရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(စ) ဦးဘထီး၊ ရမ်းဗြဲ မဲဆန္ဒနယ်၏ **ရွှေသာဘဝ ဓာတ်ငွေ့ကို Gas အင်ဂျင် စနစ်ဖြင့် ရမ်းဗြဲမြို့နယ်သို့ ဓာတ်အားဖြန့်ဖြူးပေးရန် အစီအစဉ် ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ အမျိုးသားလွှတ်တော်မှ အတည်ပြုချက်ဖြင့်ပေးပို့သော **"အဆိပ်များ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေး တင်ပြခြင်းနှင့် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းခြင်း။

၇။ အမျိုးသားလွှတ်တော်မှ အတည်ပြုချက်ဖြင့်ပေးပို့သော **"တိုင်းရင်းဆေးဝါး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်းနှင့် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းခြင်း။

၈။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေး ၁၃ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၁၄ ရက်မြောက်နေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။